ဆားတဲကျေးရွာ
မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆားတဲကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ

မာတိကာ

မာတိကာ


၁။ စကာချီး ၃ – ၄

၂။ ဆားတဲကျေးရွာသယံဇာတပြမြေပုံ ၅ – ၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆ – ၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ် ၆ – ၆

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၆ – ၇

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ ၇ – ၇

(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇ – ၈

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ၈ – ၈

(င)ပညာရေး ၈ – ၈

(စ)ကျန်းမာရေး ၈ – ၈

(ဆ)ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈ – ၉

(ဇ)ကျား–မ ရေးရာ ၉ – ၉

၆။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၉ – ၁၄

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၅ – ၂၉

**၁။စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဆားတဲကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက် များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍

နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆားတဲကျေးရွာ
မြို့သစ်မြို့နယ်

## ၂။ ဆားတဲကျေးရွာ သယံဇာတပြမြေပုံ




- ဆားတဲကျေးရွာ၊ ချောက်ကြားကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ဆားတဲကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူပါသည်။

## ၃။ ဆားတဲကျေးရွာ၏ တည်နေရာနှင့် ပထဝီအနေအထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ နှင့် ၂၂ ဒီဂရီ အကြား ၊ အရှေလောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီအကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ( ၆၁၂.၀၉ ) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်နှင့် မြောက်ဘက်တွင် နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။

ဆားတဲကျေးရွာသည်ပထဝီဝင်အနေအထားအရမြေပြန့်အနေအထားတွင်တည်ရှိပါသည်။ဆားတဲကျေးရွာသည် ချောက်ကြားအုပ်စုတွင်တည်ရှိပြီး မြောက်ဘက်တွင် ချောက်ကြားကျေးရွာ၊ အရှေမြောက်ဘက်တွင် ညောင်ကုန်းကျေးရွာနှင့် ညောင်ကိုင်းကျေးရွာ တည်ရှိပါသည်။တောင်ဘက်တွင် ကိုရံမြောက်ရွာ၊ အရှေဘက်တွင်နဘဲကုန်းကျေးရွာ တို့တည်ရှိပါသည်။တောင်တွင်း-မြို့သစ်လမ်းမကြီးမှ အနောက်ဘက်သို့ (၁.၅)မိုင်ခန့် ကျောက်ချောလမ်းဖြင့် ဆက်သွယ်ထားပါသည်။

ဆားတဲကျေးရွာသည် အရှေ့မြောက်မှ စီးဆင်းလာသော စွန်ချောင်းသည် ရွာ၏ အရှေ့မြောက်ဘက်မှ ရွာ၏အနောက်တောင်ဘက်သို့ လှည့်ပတ်စီးဆင်းလာသည်။ရွာ၏အနောက်တောင်ဘက်တွင် မြသိန်းတန်ဆုတောင်းပြည့်စေတီတော်ကြီးတည်ရှိပြီး အရှေ့ဘက်တွင် စာသသင်ကျောင်းတည်ရှိပါသည်။အရှေ့တောင်ဘက်အရပ်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် တောင်ဘက်တွင် စိုက်ပျိုးရေးနှင့် တိရိစ္ဆာန်များ အသုံးပြုရန် ဧက(၁၀၀)ခန့်ရှိသော ရေကန်ကြီးရှိပါသည်။

## ၄။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ဆားတဲကျေးရွာတွင် နှစ်စဉ်မိုးရေချိန်(၃၄)လက်မခန့်ရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ တမာ၊ ဇီးဖြူ၊ ကုက္ကို၊ ရှားပင်၊ထနောင်းပင်၊ ထန်းပင်များ ပေါက်လေ့ရှိပါသည်။ဆားတဲကျေးရွာတွင် လယ်မြေကေမှာ (၆၁၃)ကေရှိပြီး အဓိကအားဖြင့် စပါးစိုက်ပျိုးပြီး သီးထပ်အနေဖြင့်လည်း ကြက်သွန်၊ မက်ပဲ၊ ကုလားပဲများကိုပါ မိုးရေနှင့်ဆည်ရေအား ထားပြီးစိုက်ပျိုးပါသည်။ ယာမြေကေမှာ(၃၈၀)ကေခန့်ရှိပြီး မိုးရာသီတွင် ပဲမျိုးစုံ၊ ပြောင်းဖူးများအဓိကစိုက်ပျိုးပါသည်။ မိုးနှောင်းပိုင်းတွင်ဝါ၊ ပဲကြီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုပ်၊ ဗူး၊ ဖရုံ၊ ဟင်းသီးဟင်းရွက်များအားအဝီစိတွင်းများနှင့် စွန်ချောင်းမှစက်ဖြင့်တင်၍ စိုက်ပျိုးပါသည်။

## ၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဆားတဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့(၈)ဖွဲ့ဖွဲ့စည်းထားပါသည်။ ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ (၁)ပညာရေးအဖွဲ့ (၂)ဝတ်အသင်းအဖွဲ့ (၃)ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့(၄)အရန်မီးသတ်အဖွဲ့ (၅)ကြက်ခြေနီအဖွဲ့ (၆)စိုက်/မွေးကော်မတီအဖွဲ့ (၇)သာရေးနာရေးလူမှုဖွံ့ဖြိုးရေးအဖွဲ့ စသည်ဖြင့် သက်ဆိုင်သောကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်း ထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့်အဖွဲ့အစည်း၏ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျဆောင်ရွက်တက်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

ဆားတဲကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် မိုးစပါးကိုနှစ်စဉ်စိုက်ပျိုး၍ သီးထပ်အနေနှင့်လည်း ဆည်ရေဖြင့်နွေစပါးများလည်း စိုက်ပျိုးပါသည်။ အခြားသီးနှံများမှာလည်းဝါ၊ ပဲကြီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုပ်၊ ဗူး၊ ဖရုံ၊ ဟင်းသီးဟင်းရွက်များ၊ကြက်သွန်၊ မက်ပဲ၊ ကုလားပဲ၊ ပြောင်းဖူးနှင့်ပဲမျိုးစုံ စိုက်ပျိုးပါသည်။ စပါးတစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှ (၅၀)တင်း၊ နှမ်းတစ်ဧက (၈)တင်းခန့်၊ ငရုပ်တစ်ဧက အထွက်နှုန်း တစ်ပတ်လျှင် ပိဿာ(၂၀၀)ခန့်၊ကြက်သွန်တစ်ဧကနှုန်းမှာ(၂၀၀၀)ပိဿာ၊ ခရမ်းသီး တစ်ဧကအထွက်နှုန်းမှာ ပိဿာ(၃၀၀)ခန့်၊ ခရမ်းချဉ်သီး တစ်ဧကအထွက်နှုန်းမှာ ကုန်ချိန်(၁၅၀၀)ခန့်ထွက်ရှိပါသည်။ မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေးအတွက်ပါအသုံးဝင်သော နွားများအများဆုံး မွေးမြူကြပါသည်။ နွားများရောင်းချရာတွင်လည်း ဈေးကွက်ရှိသောလည်း လွတ်လပ်စွာရောင်းချရန်ခက်ခဲပါသည်။ နှစ်စဉ်ကျရောက်သောရောဂါများကိုလည်း ထိရောက်စွာကာကွယ်ကုသနိုင်မှုနှင့် ဝန်ဆောင်မှုမရှိခြင်း၊ စာကျက်မြေရှားပါးနေခြင်းများဖြစ်ပေါ်နေပါ သည်။ CPကြက်ခြံမှာ (၃)ခြံရှိပြီး နည်းပညာနှင့် ပန့်ပိုးမှုအားနည်းပါသည်။ဒေသကြက်များကိုလည်းမွေးမြူကြပါသည်။ ဝက်များကိုလည်းဒေသဝက်များသာမွေးမြူကြပါသည်။

ဆားတဲကျေးရွာအတွင်း စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ကိုင်သူများမှာ ပန်းရံ လက်သမားများ၊ အစိုးရဝန်ထမ်းများ၊ လက်လီလက်ကားရောင်းဝယ်ရေးသမားများ၊ နေ့စားအလုပ်သမားများနှင့် အိမ်ဈေးဆိုင်ငယ်များရောင်းချခြင်းများလုပ်ကိုင်ကြပါသည်။ ဆားတဲကျေးရွာတွင် လုပ်ငန်းပိုင်းဆိုင်ရာတွင် အတက်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးပါသည်။သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ဆားတဲကျေးရွာတွင်ကျေးရွာမှ တောင်တွင်း-မြို့သစ်လမ်းနှင့်ဆက်သွယ်ထားသောလမ်းမှာ မြေနီကျောက်စရစ်လမ်းဖြစ်၍ အချို့နေရာများတွင် ချိုင့်ခွက်များရှိသဖြင့် မိုးရာသီတွင်သွားလာရခက်ခဲ

သည်။ ရွာတွင်းရှိချဉ်းကပ်လမ်းများမှာမြေသားလမ်းများဖြစ်၍ မိုးရာသီတွင် ရွှံ့ဗွက်များထူပြောနေ၍ ကျန်းမာရေးကိစ္စနှင့် သီးနှံများသယ်ယူရာတွင် နှောင့်နှေးကြန့်ကြာပါသည်။ ကျေးရွာတွင် ရွာဦးဘုန်းတော်ကြီးကျောင်းသို့သွားသောလမ်းနှင့် မြသိန်းတန်ဘုရားသို့သွားသောလမ်းများမှာ မြေသားလမ်းဖြစ်နေသောကြောင့် သက်ကြီးရွယ်အိုများ သွားလာရန်ခက်ခဲနေပါသည်။ ဆာတဲကျေးရွာနှင့် မြတ်လေးကုန်းကျေးရွာသို့ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းပေါ်ရှိ ရိုးကူးတံတားမှာ ပျက်စီးနေပြီဖြစ်သဖြင့် ကျောင်းသူ/သားများနှင့် ဈေးသွားဈေးလာများ၊ တောင်သူလယ်သမားများ သွားလာရခက်ခဲနေပါသည်။ကျေးရွာရှိလျှပ်စစ်မီးကို Transformerဖြင့် အိမ်ထောင်စု (၂၄၃)ဦး ၂၄နာရီရရှိပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ဆားတဲကျေးရွာတွင် တောင်သူလယ်သမားများအတွက်လိုအပ်သောချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အိမ်ထောင်စု(၅၀)ဦးအတွက်ကျပ်သိန်း(၇၅၀)ချေးထားပါသည်။ လယ်ယာမြေပုံစံ(၇)မရှိသောသူများနှင့် တစ်ဧကအောက်တောင်သူများအား စိုက်ပျိုးရေးချေးငွေ မရရှိပါ။ လယ်တစ်ဧက(၁၅၀၀၀၀/)ကျပ်နှုန်းနှင့် ယာတစ်ဧက(၅၀၀၀၀/)ကျပ်နှုန်းချေးပေးပါသည်။ သမဝါယမအသင်းမှလည်း အိမ်ထောင်စု(၁၇၁)ဦးအတွက် ကျပ်သိန်း(၂၀၀)အား ချေးယူထားရှိပါသည်။ ကျန်တောင်သူလယ်သမာများအား ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးရန်ပုံငွေမှ (၄%)ဖြင့် ချေးပေးထားပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးငှားသူများထံမှ ငွေချေလျှင်(၅%)နှင့် အထက်ချေးလျှင် အတိုးပေးရ သောကြောင့် ဆင်းရဲသောအိမ်ထောင်စုများမှာ စားဝတ်နေရေးအတွက် ဝမ်းစာလုံလောက်မှုမရှိပါ။

**(င) ပညာရေး**

ဆားတဲကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး အ.လ.ကကျောင်းလျှောက်ထားဆဲဖြစ်ပါသည်။ကျောင်းဆောင်အဆောက်အဦဆောက်လုပ်ရန်အတွက်လည်း မြေနေရာလုံလောက်စွာရှိပြီးဖြစ်ပါသည်။ကျောင်းတွင်ဆရာ/ဆရာမအင်အား (၁၁)ဦးရှိပါသည်။ ကျောင်းသားဦးရေမှာ(၁၆၃)ဦးရှိပါသည်။ ကျောင်းဆောင်လေးဆောင်ရှိသော်လည်း လခွဲကျောင်းထပ်ရမည်ဆိုပါက ကျောင်းဆောင်လုံ လောက်မှုမရှိပါ။ကျောင်းတွင် ယင်လုံအိမ်သာ(၇)လုံး ရှိပြီး ကျောင်းသားများအတွက် (၆)လုံးထားရှိသဖြင့် လုံလောက်ပါသည်။

**(စ)ကျန်းမာရေး**

ဆားတဲကျေးရွာတွင် ကင်ဆာရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါနှင့်သွေးတိုးရောဂါများ အနည်းငယ်ရှိပါသည်။ ဆားတဲကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသဖြင့်အရေးကြီး ကျန်းမာရေးကိစ္စများဖြစ်ပေါ်လျှင် (၈)မိုင်ခန့်ဝေးသော တောင်တွင်းကြီးမြို့သို့ သွားရောက်ကုသရပါသည်။ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် ကျန်းမာရေးဆေးပေးခန်းလိုအပ်လျက်ရှိပါသည်။ကလေးသူငယ်များအတွက်လည်း ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များအား ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဆားတဲကျေးရွာတွင်**ကျေးရွာမှယာမြေများသည်နှစ်စဉ်သီးထပ်စိုက်ပျိုးခြင်း၊ဓါတုဗေဒကွန်ပေါင်းမြေဩဇာများအသုံးပြုခြင်း၊သဘာဝသစ်ဆွေးမြေဩဇာများနှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့်မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။** ပဲကြီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုပ်၊ ဗူး၊ ဖရုံ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်၊မြေပဲ၊မိုးနှမ်း၊ ကုလားပဲ၊ ပြောင်းဖူးနှင့်ပဲမျိုးစုံ **စိုက်ခင်းများတွင်ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်နှင့် ကျန်းမာရေးကိုထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်း အန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန် နည်းပညာများလိုအပ်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။**

**သဘာဝဘေးအန္တရယ်အနေဖြင့် ရွာ၏အရှေ့မြောက်အရပ်မှ စီးဆင်းလာသောသရက်ချောင်းရိုးသည် မိုးတွင်းကာလတွင် ရေကြီးရေလျှံ၍ မြေတိုက်စားမှုများဖြစ်ပေါ်နေပြီး ရွာမြောက်ဘက်ခြမ်းမှ လယ်ယာမြေများ နှင့် အိမ်ခြေ(၄)လုံးပြောင်းရွှေ့နေထိုင်နေရပါသည်။ ကျေးရွာအဝင်လမ်း၏တောင်ဘက်တွင်လည်း ဆဒ္ဒန်ဆည်မှ လျှံကျလာသောရေများကြောင့် ရိုးရေတိုက်စားပြီး လယ်နှင့် ဖွံ့ဖြိုးရေးလမ်းမှာ ပျက်စီးနေပါသဖြင့် ဆည်မြောင်းစနစ်ဖြင့်ပုံဖော်၍ ဆောင်ရွက်ပေးမည်ဆိုပါက အဆင်ပြေမည်ဖြစ်ပါသည်။**

**(ဈ) ကျား-မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင် လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ အမျိုးသား များသည် လယ်ထွန်ခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲများတွင်လည်း အမျိုးသမီးများ သည်အမျိုးသားနှင့်အတူပူးပေါင်း ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိ ကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါး နေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

**၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

နောက်ဆက်တွဲ(၁)

**ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား | ရွာလယ်လမ်း(ကျောက်ချော)ခင်းခြင်း | ၁ |
| ၂ | ပညာရေး | စာသင်ကျောင်းဆောက်အဦတည်ဆောက်ခြင်း | ၂ |
| ၃ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၃ |
| ၄ | ငွေကြေးနှင့်ဘဏ်လုပ်ငန်း | ချေးငွေလုပ်ငန်းများဆောင်ရွက်ခြင်း | ၄ |
| ၅ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင်ရွက်ခြင်း | ၅ |

| | | | |
|---|---|---|---|
| ၆ | ကျေးရွာအားထိခိုက်စေနိုင်သောဘေးအန္တရာယ် | ရေကာတာတည်ဆောက်ခြင်း | ၆ |
| ၇ | လူငယ်နှင့်ယဉ်ကျေးမှု | စာကြည့်တိုက်တည်ဆောက်ခြင်း | ၇ |
| ၈ | မွေးမြူရေး | မွေးမြူရေးတိုးတက်ရန်နည်းပညာသင်တန်းများဖွင့်လှစ်ခြင်း | ၈ |
| ၉ | လမ်းတံတား | မြသိန်းတန်ဘုရားသို့သွားသောအတွင်း/အပြင်(ကျောက်ချော) ခင်းခြင်း | ၉ |
| ၁၀ | လမ်းတံတား | မြတ်လေးကုန်း၊ရိုးကူး တံတားတည်ဆောက်ခြင်း | ၁၀ |
| ၁၁ | လမ်းတံတား | ရွာလယ်လမ်းကျန်ရှိနေသောလမ်းခွဲ(ကျောက်ချော)ခင်းခြင်း | ၁၁ |
| ၁၂ | လမ်းတံတား | တောင်ပေါ်ဘုန်းကြီးကျောင်း(ကျောက်ချော)လမ်းခင်းခြင်း | ၁၂ |

မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မြို့သစ်မြို့နယ်၊ချောက်ကြားကျေးရွာအုပ်စု၊ဆားတဲကျေးရွာ၏
ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး** | | | | | |
| ၁ | -သီးနှံအထွက်နှုန်း နည်းပါးခြင်း။ | -မျိုးကောင်းမျိုးသန့်များ အလွယ် တကူမရခြင်း။ | -မြို့တွင်စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း။<br>-စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများ/သင်တန်းများ တက်ရောက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတ နည်းပါးခြင်း<br>-ငွေကြေးမတက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတများရရန်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများနှင့် ဟောပြောပွဲများရရှိအောင် ဆောင်ရွက်ခြင်း။ |
| ၂ | -အလုပ်သမားရှားပါး ခြင်းနှင့် သီးနှံများဈေးကောင်းမရရှိသော ကြောင့် အမြတ်အစွန်းနည်း နေခြင်း။ | -လုပ်ခလစာနည်းခြင်းကြောင့် အခြားဒေသသို့သွားရောက်လုပ်ကိုင်နေခြင်း။<br>-စက်ပစ္စည်း အသုံးပြုရန် ငွေကြေး မတတ်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနရှိခြင်း။<br>-လယ်ယာမြေများအများဆုံးလုပ်ကိုင်နေခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနနှင့် ချိတ်ဆက်၍ စက်ပစ္စည်း ဝယ်ယူ/ငှားရမ်းနိုင်ရေး ဆောင်ရွက်ခြင်း။ | -လယ်/ယာသုံး စက်ပစ္စည်းများ ဈေးနှုန်းချိုသာ စွာဖြင့် ဝယ်ယူ/ငှါးရမ်းခြင်း။ |
| ၃ | -မြေယာများဆုံးရှုံးမှုဖြစ်ပေါ်နေခြင်း။<br>-တောင်ကျချောင်းရေများကြောင့်အိမ်နေရာများပြောင်းရွှေ့နေထိုင်ရခြင်း။ | -ကျေးရွာဧရိယာအတွင်းရှိမြေနေရာများအားချောင်းရေတိုက်စားနေခြင်း။ | -ရွာသူ/သားများမှလုပ်အားဒါနပေးနိုင်ခြင်း။<br>-သဲနှင့်ကျောက်များဝယ်ယူရလွယ်ကူခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။<br>-နည်းပညာအားနည်းနေခြင်း။ | -သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -<br>ရေကာတာတည်ဆောက်ပေးခြင်း။ |
| | **အခြေခံအဆောက်အဦ** | | | | | |
| ၄ | -မြေသားလမ်းသာရှိ၍ လမ်းမကောင်းခြင်း။<br>-မိုးတွင်းကာလ၌ သွားလာရခက်ခဲခြင်း။ | -သီးနှံနှင့် ဈေးကုန်များ အချိန်မှီဝယ်ယူရောင်းချနိုင်မှုမရှိခြင်း<br>-သီးနှံများ အချိန်လွန်၍ ဈေးကောင်းမရရှိခြင်း။ | -ကျေးလက်လမ်းဦးစီးဌာနရှိခြင်း။<br>-ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -ကျေးရွာကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက် ဆောင် | -လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ရွာတွင်းလမ်းများ ကျောက်ချောခင်းခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ရွက်ခြင်း။ | -မြသိန်းတန်ဘုရားသို့သွားသောအတွင်း/အပြင်လမ်း<br>-မြတ်လေးကုန်းရိုးကူး တံတားတည်ဆောက်ခြင်း<br>-ကျန်ရှိသောရွာလယ်လမ်း အားကျောက်ချောလမ်း ခင်းခြင်း<br>-တောင်ပေါ်ဘုန်းတော်ကြီး ကျောင်းသို့သွားသောလမ်း ခင်ခြင်း |
| | **ပညာရေး** | | | | | |
| ၅ | -စာသင်ကျောင်းဆောင်နည်း၍ မလုံလောက်ခြင်း။ | -ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အဆင်မပြေဖြစ်နေခြင်း။<br>-မိုးတွင်းကာလတွင် ရာသီဥတု ဒါဏ်ခံရခြင်း။ | -ကျေးရွာလူထုမှ လုပ်အားဖြင့် ပါဝင်ဆောင်ရွက်နိုင်ခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။<br>-ကျောင်းသားဦးရေ များနေခြင်း။ | -ပညာရေးဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း။ | -စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်း။ |
| | **ကျန်းမာရေး** | | | | | |
| ၆ | -သွေးလွန်တုပ်ကွေး ရောဂါဖြစ်ခြင်း။ | -ခြင်ကိုက်ခံရခြင်း၊ ပတ်ဝန်းကျင်မသန့်ရှင်းခြင်း၊ ရေဆိုးရေပုပ်များရှိနေခြင်း။ | -အရေးကြီးကျန်းမာရေးကိစ္စ ဖြစ်လျှင် သွားလာရလွယ်ကူခြင်း | -ကျန်းမာရေး ဗဟုသုတအသိနည်းခြင်း။<br>-ပတ်ဝန်းကျင်သန့် ရှင်းရေးဆောင်ရွက်မှု အားနည်းခြင်း။ | -ရာသီအလိုက်ဖြစ်သော ရောဂါများအား ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပေးခြင်း။<br>-တစ်အိမ်ထောင်ချင်းစီ ပတ်ဝန်းကျင်သန့်ရှင်း ရေးများဆောင်ရွက် ခြင်း။ | -ရွာသူ/သားများစုပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြုံနွယ်များရှင်းလင်းခြင်း အားအပတ်စဉ်ဆောင် ရွက်ခြင်း။<br>-ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၇ | -ဆေးခန်းနှင့် ဆေးခန်းသုံး ပစ္စည်းကိရိယာများ လုံလောက်မှုမရှိခြင်း။ | -ကျန်းမာရေးကိစ္စများဖြစ်လျှင် အချိန်မှီ မကာကွယ်နိုင်ခြင်း။ | -ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ရန်ကျေးရွာမှ စုပေါင်းငွေများဖြင့်မြေနေရာ ဝယ်ယူနိုင်ခြင်း။<br>-ရပ်ရွာမှ တက်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ခြင်း။ | -ငွေကြေးအခက်အခဲ ရှိခြင်း။<br>-ကျန်းမာရေး ဗဟုသုတနည်းခြင်း။ | -ရွာအကြီးအကဲများမှ ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း။ | -ကျန်းမာရေးဆေးပေးခန်းနှင့် ဆေးခန်းသုံးပစ္စည်းကိရိယာများ လိုအပ်ခြင်း။ |
| | **ကျား/မရေးရာ** | | | | | |
| ၈ | -ရပ်ရွာအရေး ဆောင်ရွက်ရာတွင် အမျိုးသမီးထု၏ ခေါင်းဆောင်မှု အားနည်းခြင်း။ | -အိမ်မှုကိစ္စများ ဆောင်ရွက်နေရခြင်း။<br>-အမျိုးသမီးများအား အလေးထား လေးစားမှုမရှိခြင်း။ | -ပူးပေါင်းပါဝင်လိုစိတ် ရှိခြင်း။ | -တန်းတူအခွင့်အရေး မရခြင်း။ | -အမျိုးသားအဖွဲ့များမှ အမျိုးသမီးများအား နေရာပေး၍ လက်တွဲခေါ်ယူခြင်း။<br>-အမျိုးသမီးများ ကိုယ်တိုင် ရပ်ရွာ အစည်းအဝေးပွဲများ တက်ရောက်ခြင်း။ | -အမျိုးသမီးများ၏ စိတ်ဓါတ်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း/ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ |
| | လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား | | | | | |
| ၉ | -လူငယ်များ အသိပညာ ဗဟုသုတနည်းခြင်း | စာပေလေ့လာရန်၊ ဗဟုသုတရှာရန် အားနည်းခြင်း | -စိတ်အားထက်သန်မှု ရှိခြင်း<br>-စာပေလေ့လာရန် စာအုပ်များရှိခြင်း | -<br>အဆောက်အဦခိုင်ခံမှု မရှိခြင်း<br>-<br>ပရိဘောဂပစ္စည်းများ မရှိခြင်း | -ရပ်မိရပ်ဖများမှ စာပေလေ့လာနိုင်ရန် စီစဉ်ပေးခြင်း<br>-စာအုပ်စာပေ ဖတ်ခိုင်းခြင်း။ | -ကျေးရွာတွင် လူငယ်များ ဗဟုသုတ၊ အသိပညာများ တိုးရန် စာကြည့်တိုက်တည်ဆောက်ပေးခြင်း |
| ၁၀ | -အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | -အခြားအချိန်ဖြုန်းစရာများစွာရှိခြင်း။<br>-စာပေနှင့်ဗဟုသုတစာစောင်များ ဖတ်ရှုမှုမရှိခြင်း။ | -စာပေလေ့လာမည့်ကလေးသူငယ်များရှိခြင်း။ | -ဖုန်းနှင့်တီဗီများကို အလွန်အကျွံကြည့်ရှုခြင်း။<br>-အရက်သေစာများ | -ရာသီအလိုက် အားကစားပွဲများ ကျင်းပပေးခြင်း။ | -<br>စာပေဟောပြောပွဲများပြုလုပ်ပေးခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | လွယ်ကူစွာဝယ်ယူရရှိနေခြင်း။ | | |
| | **စိုက်မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| | -စီးပွားရေးအဆင်မပြေဖြစ်ရခြင်း။ | -အိမ်ဆိုင်နှင့်ဈေးဆိုင်ငယ်များတွင် ကုန်ပစ္စည်းများပြည့်စုံစွာ မရောင်းချနိုင်ခြင်း။ | -ကျေးရွာတွင် ကုန်စုံဆိုင်ငယ်များရှိခြင်း။ | -ငွေကြေးအရင်းအနှီးနည်းပါး ခြင်း။ | -ရပ်မိရပ်ဖများမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်။ | -ချေးငွေရရှိအောင် ဆောင်ရွက်သွားရန်။ |

**မြို့သစ်မြို့နယ် ၊ ချောက်ကြားကျေးရွာအုပ်စု ၊ ဆားတဲကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ**

**စီမံချက်တစ်ခုချင်းစီအတွက် အရေးကြီးမှုအပေါ်မူတည်၍ အမှတ်ပေးဇယား( ၁မှတ် မှ ၁၀မှတ်ထိ )**

| စဉ် | စီမံချက်လုပ်ငန်း အမည် | ရပ်မိရပ်ဖအုပ်စု | | လယ်သမားအုပ်စု | | အမျိုးသမီးအုပ်စု | | လူငယ်အုပ်စု | | စိုက်/မွေး မဟုတ်သောအုပ်စု | | စုစုပေါင်း ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | | |
| ၁ | စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ခြင်း | ၇ | ၇ | ၅ | ၉ | ၈ | ၇ | ၆ | ၇ | ၆ | ၇ | ၆၉ | ၅ |
| ၂ | ရွာလယ်လမ်း(ကျောက်ချော)ခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၃ | စာသင်ကျောင်းအဆောက်အဦ တည်ဆောက်ခြင်း | ၉ | ၈ | ၇ | ၈ | ၇ | ၇ | ၈ | ၈ | ၉ | ၇ | ၇၈ | ၂ |
| ၄ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၁၀ | ၉ | ၅ | ၇ | ၆ | ၆ | ၅ | ၉ | ၈ | ၉ | ၇၄ | ၃ |
| ၅ | မွေးမြူရေးတိုးတက်ရန် နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၇ | ၇ | ၆ | ၅ | ၆ | ၅ | ၆ | ၅ | ၆ | ၈ | ၆၁ | ၈ |
| ၆ | စာကြည့်တိုက်တည်ဆောက်ပေးခြင်း | ၈ | ၆ | ၇ | ၆ | ၇ | ၇ | ၇ | ၄ | ၇ | ၆ | ၆၅ | ၇ |

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၇ | ရေကာတာတည်ဆောက်ခြင်း | ၉ | ၈ | ၆ | ၉ | ၈ | ၈ | ၃ | ၅ | ၃ | ၆ | ၆၅ | ၆ |
| ၈ | ချေးငွေလုပ်ငန်းများဆောင်ရွကပေးခြင်း | ၇ | ၈ | ၈ | ၈ | ၇ | ၈ | ၅ | ၆ | ၅ | ၈ | ၇၀ | ၄ |
| ၉ | မြသိန်းတန်ဘုရားသို့သွားလမ်း | ၉ | ၇ | ၇ | ၄ | ၅ | ၅ | ၄ | ၇ | ၄ | ၉ | ၆၁ | ၉ |
| ၁၀ | မြတ်လေးကုန်း<br>ရိုးကူးတံတားတည်ဆောက်ခြင်း | ၅ | ၅ | ၃ | ၃ | ၅ | ၄ | ၅ | ၄ | ၇ | ၁ | ၄၂ | ၁၁ |
| ၁၁ | ရွာလယ်ကျန်ရှိသောလမ်းခင်းခြင်း | ၆ | ၈ | ၄ | ၇ | ၅ | ၆ | ၄ | ၅ | ၅ | ၅ | ၅၅ | ၁၀ |
| ၁၂ | တောင်ပေါ်ဘုန်းကြီးကျောင်းလမ်း | ၄ | ၅ | ၂ | ၄ | ၄ | ၄ | ၇ | ၂ | ၁ | ၄ | ၃၇ | ၁၂ |

**မြို့သစ်မြို့နယ် ၊ ချောက်ကြားကျေးရွာအုပ်စု ၊ ဆားတဲကျေးရွာ၏ ဘဏ္ဍာနှစ်အလိုက်စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာအတွင်းရွာလယ်လမ်း(ကျောက်ချော)ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | စာသင်ကျောင်းအဆောင်အဦတည်ဆောက်ခြင်း | ၂ | | | | ✓ | |
| ၃ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၃ | | ✓ | | | |
| ၄ | ချေးငွေလုပ်ငန်းများဆောင်ရွက်ပေးခြင်း | ၄ | | | ✓ | | |
| ၅ | စိုက်ပျိုးရေးနည်းပညာနှင့်မျိုးကောင်မျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း | ၅ | | | | | ✓ |
| ၆ | ရေကာတာတည်ဆောက်ခြင်း | ၆ | | | ✓ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၇ | | | | | ✓ |
| ၈ | မွေးမြူရေးတိုးတက်ရန်နည်းပညာသင်တန်းဖွင့်လှစ်ခြင်း | ၈ | | | | | ✓ |
| ၉ | မြသိန်းတန်ဘုရားသို့သွားသောအတွင်း/အပြင်(ကျောက်ချော) လမ်းခင်းခြင်း | ၉ | | ✓ | | | |
| ၁၀ | မြတ်လေးကုန်း-ရိုးကူးတံတားတည်ဆောက်ခြင်း | ၁၀ | | | ✓ | | |
| ၁၁ | ရွာလယ်လမ်းကျန်ရှိနေသောလမ်းခွဲ(ကျောက်ချော)လမ်းခင်းခြင်း | ၁၁ | | | | ✓ | |
| ၁၂ | တောင်ပေါ်ဘုန်းကြီးကျောင်း (ကျောက်ချော)လမ်းခင်းခြင်း | ၁၂ | | | | ✓ | |

ဝါးတဲကျေးရွာ

# ရာသီခွင် ပြ ပြက္ခဒိန်

Date: 5.6.2018 :TUE

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | ကြက်သွန်ခူး | | လယ်ထွန် | ကောက်စိုက် | နှမ်းရိတ် | မြေပဲနုတ် | လယ်ရိတ် | လယ်ခြွေ / ကြက်သွန်စိုက် | [illegible] | ဝါကောက် | ကုလားပဲရိတ် | [illegible] |
| ၃ | အလုပ်သမား ဝင်ငွေ ရရှိမှု | | | + 4500 Kyats | + 4000 Kyats | +− 3500 Kyats | − 2000 Kyats | − 2000 Kyats | − 2000 Kyats | + 3000 Kyats | + 3000 Kyats | − 1500 Kyats | − 1000 Kyats |
| ၄ | အသုံးစရိတ် | | | | | | | | | | | | |
| ၅ | ချေးငွေလိုအပ်မှု | | | 1000 Kyats | 1000 Kyats | | | 1000 Kyats | 1000 Kyats | | | | |
| ၆ | ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| ၇ | သောက်သုံးရေရရှိမှု | | | | | | | | | | | | |
| ၈ | တိရစ္ဆာန်အစာရရှိမှု | | | | | | | | | | | | |
| ၉ | တိရစ္ဆာန်ရောဂါကျရောက်မှု | 50% | 50% | | | | 50% | | 75% | 75% | 75% | | |
| ၁၀ | ကျန်းမာရေးအခြေအနေ | | | | | | | | | | | | |
| ၁၁ | သီးနှံရောဂါကျရောက်မှု | | | | နှမ်း | ပဲ | စပါး | | | ကြက်သွန် | ကုလားပဲ | | |
| ၁၂ | ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | | သင်္ကန်းကပ် | [illegible] | | မီးထွန်းပွဲ | ကထိန်ပွဲ | | | ထမနဲထိုးပွဲ | |
| ၁၃ | | | | | | | | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၅ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၂၀ | ၃၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၅ | ၃၀ | ၆၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၃၄ | ၈၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၇၇ | ၄၄၄ | ၈၂၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၆ | ၅၂ | ၇၈ |
| စုစုပေါင်း | | ၅၀၇ | ၅၈၅ | ၁၀၉၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၄၃ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဆားတဲကျေးရွာတွင် အိမ်ထောင်စု(၂၄၃)စုနှင့်ကျား(၅၀၇)ဦး၊ မ (၅၈၅)ဦး ရှိပြီး လူဦးရေစုစုပေါင်းမှာ(၁၀၉၂)ရှိပါသည်။ဆာတဲကျေးရွာသည် အများအားဖြင့် ဗုဒ္ဓဘာသာ ၊ မြန်မာလူမျိုးများသာ ဖြစ်ပါသည်။ ဆားတဲကျေးရွာတွင် ကျောင်းနေအရွယ်ကလေးနှင့် သက်ကြီးရွယ်အိုမှီခိုသူမှာ (၇%)ခန့်ရှိပြီး (၇၅%) ခန့်သည် အလုပ်လုပ်နိုင်သောလူဦးရေ ဖြစ်သောကြောင့် အလုပ်လုပ်နိုင်မှုအင်အားကြီးမားပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၈၇၄ | သင့် | အနည်းအကျဉ်း | မိုးကောင်းသောက်၊ချောင်း(ဆည်) |
| ယာမြေ | ၃၈၀ | သင့် | ရပါသည် | စွန်ချောင်းစိမ့်စမ်းရေ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၁၂၅၄ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဆားတဲကျေးရွာတွင် လယ်မြေ (၆၁၃) ကေနှင့် ယာမြေ (၃၈၀) ကေ စိုက်ပျိုးထားရှိပြီး မိုးကောင်းရေသောက်၊ ချောင်းရေနှင့် မြေအောက်ရေတို့ဖြင့်

စိုက်ပျိုးပါသည်။ ဆည်ရေမှာလုံလောက် စွာမရရှိပါသဖြင့် သီးနှံအထွက်နှုန်းမှာနည်းပါးပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် - | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ပညာရေး ကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး √ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး ☐စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေ ေး √လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ပညာရေးကော်မတီမှ စာသင်ကျောင်းနှင့်ပတ်သက် သောကိစ္စအဝဝအားဆောင်ရွက်ပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ | ၁√ ၂☐ ၃☐ | ပညာရေး☐ငွေကြေး√ ကျန်းမာရေး ☐ဘာသာရေး စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေ ေး ☐လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာတွင် ငွေပဒေသပင် စိုက်ထူ၍ ဆင်းရဲသောမိသား စုများအတွက် ထောက်ပံ့ပေး ပါသည်။ |
